ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ

စီးပွားရေးနှင့်ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန

ကုန်သွယ်ရေးဦးစီးဌာန

ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ခြင်းမရှိသည့် သမဝါယမ အသင်းလီမိတက်များ ၊ အစိုးရဌာနများ ၊ အစိုးရမဟုတ်သော အဖွဲ့အစည်းများ၊ တစ်ဦးချင်း ကုန်သွယ်မှုလုပ်ငန်းရှင်မှတ်ပုံတင် (ITC)နှင့် တစ်ဦးချင်း ကုန်သွယ်ခွင့်ပါမစ်မှတ်ပုံတင် Code နံပါတ်များ(အစား) TIN No ဖြင့် တူညီစွာပြောင်းလဲအသုံးပြုဆောင်ရွက်သွားမည့်ကိစ္စအား အသိပေးကြေညာခြင်း

သတင်းလွှာ ( ၈ / ၂၀၁၉ )

ရက်စွဲ ၊၂၀၁၉ ခုနှစ် ၊ ဒီဇင်ဘာလ ၂၃ ရက်

အကြောင်းအရာ။ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်နံပါတ် (ပသကနံပါတ်)များနှင့် Code No များအား TIN No နှင့် တူညီစွာပြောင်းလဲအသုံးပြုဆောင်ရွက်သွားမည့် ကိစ္စ

၁။ ကုန်သွယ်ရေးဦးစီးဌာနတွင် ပို့ကုန်သွင်းကုန်လိုင်စင်/ပါမစ်များ လျှောက်ထားနိုင်ရန် အတွက် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ခြင်းမရှိသည့် သမဝါယမ အသင်းလီမိတက်များအား ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်နှင့် အစိုးရဌာနများ၊ အစိုးရမဟုတ် သောအဖွဲ့အစည်းများ၊ တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်းရှင်မှတ်ပုံတင်(ITC)၊ တစ်ဦးချင်း ကုန်သွယ်ခွင့် ပါမစ်မှတ်ပုံတင်များအား Code နံပါတ်များဖြင့် မှတ်ပုံတင်များခွင့်ပြု ထုတ်ပေးလျက် ရှိပါသည်။

၂။ ကုန်သွယ်ရေးဦးစီးဌာနအနေဖြင့် ပို့ကုန်သွင်းကုန်လိုင်စင်/ပါမစ် ထုတ်ပေးသည့်စနစ် အား Myanmar Tradenet 2.0 စနစ်အဖြစ် အဆင့်မြှင့်တင် အကောင်ထည်ဖော်ဆောင်ရွက် လျက်ရှိရာ ကုန်သွယ်မှုဆက်စပ်ဌာနများဖြစ်သည့် ရင်းနှီးမြှုပ်နှံမှုနှင့် ကုမ္ပဏီများညွှန်ကြားမှုဦးစီး ဌာန၊ အကောက်ခွန်ဦးစီးဌာန၊ ပြည်တွင်းအခွန်များဦးစီးဌာန၊ ကုန်သွယ်ရေးဦးစီးဌာနနှင့် ဗဟို စာရင်းအင်းအဖွဲ့စသည့်ဌာနများအတွင်း အခြေခံအချက်အလက်များအား ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ

(၅) ရက်နေ့မှစတင်၍ တူညီစွာ အသုံးပြုနိုင်ရေး Single Entry ဖြစ်စေရေး၊ Single Registration Number အသုံးပြုနိုင်ရေးတို့အတွက်အတည်ပြုညှိနှိုင်းဆွေးနွေးမှုများ ဆောင်ရွက်ခဲ့ပြီးဖြစ်ပါသည်။

၃။ ထိုသို့ဆောင်ရွက်ရာတွင် ရင်းနှီးမြှုပ်နှံမှုနှင့်ကုမ္ပဏီများညွှန်ကြားမှုဦးစီးဌာနတွင် မှတ်ပုံတင်ထားခြင်းမရှိသည့် သမဝါယမအသင်းလီမိတက်များအား ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်နှင့် အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်းရှင်မှတ်ပုံတင်(ITC)၊ တစ်ဦးချင်းကုန်သွယ်ခွင့်ပါမစ်မှတ်ပုံတင်များ၏ Code နံပါတ် အစား TIN No (9 Digit) ဖြင့် ပြင်ဆင်ပြောင်းလဲမှုများ ဆောင်ရွက်မည်ဖြစ်ရာ ပြင်ဆင်ဆောင်ရွက်ခြင်းမရှိပါက ၂၀၂၀ ခုနှစ်၊ ဇန်နဝါရီလ (၅) ရက်နေ့ကျော်လွန်လျှင် ပို့ကုန်သွင်းကုန်နှင့် ဆက်စပ်သည့်လုပ်ငန်းများ ဆောင်ရွက်နိုင်ခြင်းရှိမည်မဟုတ်ပါ။

၄။ ထို့ကြောင့် သမဝါယမအသင်းလီမိတက်များသည် ပို့ကုန်သွင်းကုန်မှတ်ပုံတင်နံပါတ် (အစား) TIN No (9 Digit) ဖြင့်လည်းကောင်း၊ အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်းရှင်မှတ်ပုံတင် (ITC)နှင့် တစ်ဦးချင်းကုန်သွယ်ခွင့်ပါမစ်မှတ်ပုံတင်များ၏ Code နံပါတ်များ (အစား) TIN No(9 Digit) ဖြင့်လည်းကောင်း ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက်နေ့ နောက်ဆုံးထား၍ ပြင်ဆင်လျှောက်ထားကြရန်ဖြစ်ပါသည်။

၅။ သို့ဖြစ်ပါ၍ သတ်မှတ်ကာလဖြစ်သည့် ၂၀၁၉ ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက်နေ့အထိ TIN No (9 Digit) သို့ ပြင်ဆင်ခြင်းမရှိသည့် သမဝါယမအသင်းလီမိတက်များ၏ ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံလက်မှတ်နှင့် အစိုးရဌာနများ၊ အစိုးရမဟုတ်သောအဖွဲ့အစည်းများ၊ တစ်ဦးချင်းကုန်သွယ်မှုလုပ်ငန်းရှင်မှတ်ပုံတင်(ITC)၊ တစ်ဦးချင်းကုန်သွယ်ခွင့်ပါမစ်မှတ်ပုံတင်များ၏ ခွင့်ပြုထားသည့် Code နံပါတ်များအား ပယ်ဖျက်သွားမည်ဖြစ်ပြီး အဆိုပါ သမဝါယမအသင်းလီမိတက်များသည်ကုန်သွယ်မှုလုပ်ငန်းများ ဆောင်ရွက်လိုပါက ပို့ကုန်သွင်းကုန်လုပ်ငန်းရှင်မှတ်ပုံတင်အသစ်ကိုလည်းကောင်း၊ ကျန်အဖွဲ့အစည်းများသည် Code နံပါတ်များ (အစား) TIN No (9 Digit) ဖြင့်လည်းကောင်း မှတ်ပုံတင်အသစ်များ ပြန်လည်လျှောက်ထားရမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

ကုန်သွယ်ရေးဦးစီးဌာန